# Here's How




## Windows 8 လုပ်ဆောင်ချက်တွေ ယခု ရရှိအောင်

**Windows 8 ထဲမှာပါလာမယ့်အရာတွေကို အသုံးပြုဖို့ စောင့်နေစရာမလိုပါဘူး။ ကိုယ့် PC ရဲ့ ပုံပန်း (interface) ကို ပြောင်းသွားစေဖို့ အခုဖော်ပြပေးမယ့် trick လေးတွေ သုံး ကြည့်နိုင်ပါတယ်။**

Windows 8 ဟာ operating system ရဲ့ ကြားခံဆောင်ရွက်ပေးတဲ့ အသွင်အပြင်ကို တဖြည်းဖြည်းချင်း ပြောင်းလဲပစ်မယ်လို့ ကတိပေးထားပါတယ်။ Windows Phone 7 ရဲ့ အသွင်အပြင်ကို တွေ့ရုံသာမဟုတ်ဘဲ အထင်ကြီးစရာ version တစ်ခုဖြစ်တဲ့ Internet Explorer ၊ touchscreen ကို အကောင်းဆုံးဖြစ်အောင် ပြုလုပ်ထားမှု၊ Windows Explorer ရဲ့ Ribbon-style toolbar တစ်ခုနဲ့ multiple-monitor တပ်ဆင်အသုံးပြုနိုင်အောင် ထောက်ပံ့ပေးထားမှုတို့ကို တွေ့ရပါတယ်။

ဒီလိုမျိုးတိုးတက်မှုတွေ အကုန်လုံးကိုတော့ ရရှိနိုင်မှာ မဟုတ်သေးပါဘူး။ ဒါပေမဲ့ ဒီကနေ့ ကိုယ့်ရဲ့ Windows 7 PC ပေါ်မှာ Windows 8 ရဲ့ general interface ကို ခံစားမှုကြည့်နိုင်ပါပြီ။

### Replicate Metro

လူတိုင်းအသုံးပြုနေကျဖြစ်တဲ့ desktop ကြီးအတိုင်း ထိန်းထားမယ့်အစား Microsoft ဟာ Windows Phone 7 Metro ရဲ့ ကြားခံဆောင်ရွက်ပေးတဲ့အသွင်အပြင်ကို Windows 8 မှာ ထည့်သွင်းပေးထားပါတယ်။

Metro ရဲ့ သွင်ပြင်ကို ပုံတူကူးယူနိုင်ဖို့ Mosaic လို့ခေါ်တဲ့ program တစ်ခုကို ထည့်သွင်းခြင်းဖြင့် ရနိုင်ပါတယ်။ Mosaic ဟာ ကိုယ့်ရဲ့ desktop နဲ့ထည့်သွင်းထားနိုင်ခြင်းမရှိတာတောင် Metro လိုမျိုး တူညီတဲ့ သွင်ပြင် live-tile overlay တစ်ခု ပေးစွမ်းနိုင်ပါတယ်။

Mosaic ဟာ Windows 7 computer တစ်လုံးမှာ အလွယ်တကူ

ထည့်သွင်းနိုင်ပါတယ်။ Mosaic Project website (*find.pcworld.com/72565*) ကနေ နောက်ဆုံးတည်ဆောက်ပေးထားတာကို download ပြုလုပ်ပါ။ Zip ပြုလုပ်ထားတဲ့ folder ကနေ file တွေကို extract ပြုလုပ်ပြီး program ခေါ်ဖို့ Mosaic ပေါ်မှာ double-click လုပ်ပါ။

စစခြင်းမှာပဲ Mosaic ဟာ tile ၂ ခုနဲ့အတူ full-screen mode အဖြစ် ပွင့်လာပါလိမ့်မယ်။ ဒီ mode ကနေထွက်ဖို့ ညာဘက်အပေါ်ထောင့်ရှိ မြှားမှာ click နှိပ်ပါ။ Menu ကနေ option ကိုရွေးပြီး enable fullscreen mode ကို disable ပြုလုပ်ပါ။ Full-screen mode ရောက်ရှိနေချိန်မှာ Windows taskbar ကိုဖော်ပြထားဖို့၊ widget and startup animations ကို enable ပြုလုပ်ထားဖို့၊ ဒါမှမဟုတ် ကိုယ် Windows စတင်တဲ့အခါမှာ Mosaic ကို အလိုအလျောက်စတင်ထားဖို့ ပုံစံချထားနိုင်ပါတယ်။

ဒီနေရာမှာ ကိုယ်တိုင်စိတ်တိုင်းကျ tile တွေကို Mosaic ဆီ import ပြုလုပ်နိုင်ပါတယ်။ ပထမဦးဆုံး Mosaic Store tile ကို click နှိပ်ပါ။ ဒီ store ကနေ tile အမျိုးမျိုးကို download လုပ်နိုင်ပါတယ်။ Facebook၊ gmail၊ hot-mail၊ twitter စတာတွေအပြင် clock၊ control panel၊ music၊ picture နဲ့ weather စတဲ့ tile တွေလည်း ပါဝင်ပါတယ်။ ဒီဟာတွေကို interface ဆီထည့်ဖို့ ညာဘက်အပေါ်ထောင့်ရှိ မြှားကို click နှိပ်ပြီး add ကို ရွေးချယ်ပါ။ Download လုပ်ထားတဲ့ tile တွေ ပေါ်လာရင် ကိုယ်လိုချင်တဲ့တစ်ခုကို click နှိပ်ပါ။ Tile တချို့ဟာ (email နဲ့ social networking လိုမျိုး) ယင်းတို့ စတင်သက်ဝင်မလုပ်ခင် ပုံစံချထားပေးဖို့ လိုအပ်နိုင်ပြီး လက်ရှိသတင်းအချက်အလက်တွေကို ပြသပေးဖို့ လုပ်နိုင်ပါတယ်။

ဒါ့ပြင် program တွေနဲ့ website တွေကို Mosaic ဆီ pin ပြုလုပ်နိုင်ပါတယ်။ ညာဘက်ထောင့်အပေါ်ဘက်ရှိ မြှားကို click နှိပ်ပြီး pin ကို click နှိပ်ပါ။ Program တစ်ခု၊ ဒါမှမဟုတ် site တစ်ခုကို pin လုပ်ဖို့ရွေးချယ်ပေးပြီး Windows Explorer ထဲမှာ program ကို ရှာတာ၊ ဒါမှမဟုတ် site URL ကို ထည့် သွင်းတာမျိုးလုပ်ပေးရပါမယ်။ Program အတွက် tile ဆိုရင် icon ပြပြီး site အတွက် tile ဆိုရင် ရှေ့စာမျက်နှာရှိ ပုံရိပ်တစ်ခု ပြပေးပါလိမ့်မယ်။ Tile တွေကို အစီစဉ်တကျထားရှိဖို့ ယင်းတို့ကို drag and drop သာ လုပ်ရုံပဲ ဖြစ်ပါတယ်။ ယင်းတို့ဟာ grid line တစ်ခုဆီ အလိုအလျောက် ကပ်သွားပါလိမ့်မယ်။ Tile တစ်ခုကို ဖယ်ရှားဖို့ဆိုရင် အဲဒီမှာ right-click နှိပ်ပြီး remove ကို click နှိပ်ပါ။

Mosaic ဟာ Windows 8 ကို အနီးစပ်ဆုံးပြင်ဆင်ထားပေမယ့် သူဟာ သီးခြားစီရှိနေတဲ့ အသုံးချ program တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ Windows တစ်ခုဖွင့်ပြီး အနောက်ဘက်မှာရောက်နေတဲ့ Mosaic tile တစ်ခုကို click နှိပ်ခဲ့ရင် Mosaic ဟာ ချက်ချင်းအရှေ့ဘက်ကို ရောက်ရှိလာပါလိမ့်မယ်။ တခြား app တွေနဲ့ အတူတူပါပဲ။

## Multiple monitor များ ပြုလုပ်ခြင်း

Windows 8 ဟာ desktop wallpaper ကို monitor တစ်လုံးထက် ပိုပြီး ထားရှိနိုင်ကာ multiple monitor တွေကို ဖြတ်ပြီး taskbar ကို ကောင်းမွန်ကိုင်တွယ်နိုင် အောင် ပြုလုပ်ထားပါတယ်။ Monitor တစ်လုံးစီအတွက် သီးခြား wallpaper တွေလည်း လုပ်နိုင်ပါတယ်။ Third-party program တွေအကူအညီနဲ့ ဒီလုပ်ဆောင်ချက်ကို ရနိုင်ပါတယ်။

Multiple monitor ပေါ်မှာ wallpaper ကို ပြုလုပ်ထားဖို့ အခမဲ့ download ပြုလုပ်နိုင်တဲ့ DisplayFusion (*find.pcworld.com/72025*) ဆီ သွားပါ။ ဒီ tool ကို install လုပ်တဲ့အခါ DisplayFusion should run when Windows starts ဆိုတဲ့ box လေးကို check လုပ်ပါ။ Taskbar ပေါ်ရှိ icon မှာ right-click နှိပ်ပြီး DisplayFusion ကို ဖွင့်ကာ menu ကနေ desktop wallpaper ကိုရွေးရပါမယ်။ ကိုယ့်ရဲ့ monitor အားလုံးကို ဘေးချင်းယှဉ်ဖွင့်ပြထားတဲ့ Windows တစ်ခု ပွင့်လာပါလိမ့်မယ်။

တကယ်လို့ ကိုယ်ဟာ wallpaper တစ်ခုကို display အားလုံးမှာ ပြသစေချင်တယ်ဆိုရင် span an image across all monitors ကို click နှိပ်ပါ။ Load From ... ဆိုတဲ့ menu ကိုဖွင့်ပြီး My Computer ကို ရွေးပါ။ ကိုယ်ကြိုက်နှစ်သက်တဲ့ပုံကို ရှာပြီး ဖွင့်ပါ။ တကယ်လို့ မတူညီတဲ့ wallpaper တွေရှိချင်တယ်ဆိုရင် use a different Image for each Monitor ဆိုတဲ့ option ကို ရွေးပါ။ Wallpaper ပြောင်းချင်တဲ့ display ကို click နှိပ်ပြီး (Monitor ရဲ့ပုံရိပ်ဘေးမှာ အနီရောင်လိုင်း တစ်ခုပေါ်နေတာ တွေ့ပါလိမ့်မယ်။) Load From... ကို ရွေးပြီး ကိုယ်လိုချင်တဲ့ဓာတ်ပုံကိုထည့်ပါ။ ကျန်ရှိနေသေးတဲ့ monitor တစ်ခုချင်းစီအတွက်လည်း ဒီလိုပဲ လုပ်ပေးရပါမယ်။

DisplayFusion ဟာ ယေဘုယျအားဖြင့် အနှောင့်အယှက်မဖြစ်ပေမယ့် နောက်ဆုံးထွက်ကို update လုပ်ဖို့ သတိပေးချက်ကို မကြာခဏ




DisplayFusion ထဲမှာ multiple monitor တွေပေါ်က wallpaper ကို ဘယ်လိုမျိုးပြသချင်တယ်ဆိုတာ စိတ်ကြိုက်ပြင်နိုင်ပါတယ်

ဆိုသလို တွေ့ရပါလိမ့်မယ်။ တကယ်လို့ multiple-monitor taskbar လုပ်ဆောင်နိုင်စွမ်း၊ ဒါမှမဟုတ် wallpaper တွေ အလိုအလျောက် ပြောင်းလဲပေးနိုင်စွမ်း စတဲ့ နောက်ထပ်စိတ်ကြိုက်ပြုလုပ်နိုင်တာတွေ လုပ်ဖို့ဆိုရင်တော့ ၂၅ ဒေါ်လာပေးရတဲ့ DisplayFusion Pro ကို upgrade လုပ်ရပါမယ်။




Windows Explorer အစြမ်းပြောင်းလဲနိုင်တဲ့ BExplorer ဟာ Ribbon ပုံစံလိုမျိုး context-sensitive tab တွေပေးနိုင်ပြီး view နဲ့ sort ရွေးချယ်မှုလို file စီမံခန့်ခွဲမှုလုပ်ဆောင်ချက်တွေ လိုက်လျောညီထွေ လုပ်ဆောင်ပေးပါတယ်

## Taskbar ကို ဆွဲဆန့်ခြင်း

Windows 8 ဟာ taskbar ကို monitor အားလုံးဖြတ်ပြီး ဖော်ပြနိုင်စွမ်း ထည့်ပေးထားပေမယ့် ဒီလိုမျိုးပြုလုပ်နိုင်ဖို့ အခမဲ့ version ဖြစ်တဲ့ MultiMon Taskbar (*find.pcworld.com/72567*) ကိုလည်း သုံးနိုင်ပါတယ်။ MultiMon ကို download လုပ်ပြီးတာနဲ့ အဲဒါကို ဖွင့်လိုက်ရင် ဒီ program ဟာ ကိုယ့်ရဲ့ second screen လို့ Windows က သိနေတဲ့ ဘယ် monitor မှာမဆို extra taskbar တစ်ခုကို အလိုအလျောက် load ပြုလုပ်သွားပါလိမ့်မယ်။ MultiMon taskbar ထဲမှာ ပထမဆုံး properties menu ကို right-click နှိပ်ပြီး အဲဒီကနေ taskbar ကို autohide ပြုလုပ်တာ၊ caption button တစ်ခုထည့်တာ၊ ဘယ်ညာရွှေ့ဖို့ <Ctrl>-<Alt>-arrow ခလုတ်တွေသုံးတာ၊ multitext clipboard တစ်ခုထပ်ထည့်တာတို့ ရွေးချယ်နိုင်ပါတယ်။ တတိယ monitor ကို taskbar တစ်ခုလည်း ထပ်ထည့်နိုင်ပါတယ်။

ကံမကောင်းတာကတော့ MultiMon free ဟာ အခပေး version ဖြစ်တဲ့ ၂၈ ဒေါ်လာတန် MultiMon Taskbar Pro (*find.pcworld.com/72568*) လို အကြမ်းခံနိုင်မှုမရှိပါဘူး။ အခပေး software ဖြစ်တဲ့ version 3.5 ဟာ XP ၊ Vista နဲ့ Windows 7 theme တွေ ပါရှိပါတယ်။ ဒါပေမဲ့ အခမဲ့ version ဟာ အခြေခံ gray taskbar သာ ပါရှိပါတယ်။ အခမဲ့ MultiMon ဟာ ကိုယ့်ရဲ့ secondary monitor မှာ main taskbar ကို ထားလို့တော့ မရနိုင်ပါဘူး။

## File များရှာဖွေဖို့

Windows 8 ဟာ Windows Explorer ထဲရှိ toolbar နေရာမှာ Office-style ribbon တစ်ခုနဲ့ အစားထိုးလာပါလိမ့်မယ်။ ကိုယ်အလုပ်လုပ်နေတဲ့အပေါ်မူတည်ပြီး ရွေးချယ်နိုင်တာတွေဟာ ပြောင်းလဲနေပါတယ်။ တကယ်လို့ file တွေအတွက် ribbon လို interface တစ်ခုကို အခုအသုံးပြုချင်ရင် BExplorer (Better Explorer) ကို သုံးနိုင်ပါတယ်။ Windows Explorer အတွက် အပြောင်းအလဲတစ်ခု ဖြစ်ပါတယ်။ နောက်ဆုံး version ဖြစ်တဲ့ better explorer ကို (*find.pcworld. com/72569*) ကနေ download ပြုလုပ်ပြီး website ကနေ executable file ကို တိုက်ရိုက်ဖွင့်နိုင်ပါတယ်။ BExplorer ဟာ setup အနည်းငယ်ပဲပြုလုပ်ဖို့ လိုအပ်ပါတယ်။ Program ကိုထည့်သွင်းပြီးတာနဲ့ My Computer ကို အသုံးပြုမယ့်အစား BExplorer ရဲ့ Start menu shortcut ကနေ file တစ်ခုကို ဖွင့်နိုင်ပါတယ်။ File ၊ Home နဲ့ View စတဲ့ Ribbon-style tab ၃ ခု ပါရှိပါတယ်။ Home tab ထဲမှာ file တွေကို copy နဲ့ move လုပ်တာ၊ ဖျက်ပစ်တာ၊ နာမည်ပြောင်းတာ၊ အားလုံးကို ရွေးချယ်တာနဲ့ folder ကိုဖွင့်တာ စတဲ့ အခြေခံလုပ်ဆောင်ချက်တွေ လုပ်ဆောင်နိုင်ပါတယ်။

View tab ကို click နှိပ်ပြီး ရွေးချယ်နိုင်မှုအသစ်တွေ လုပ်ပေးပါတယ်။ အများစုကတော့ file တွေကို မတူညီကွဲပြားတဲ့အမြင်ရရှိစေဖို့ အသုံးဝင်လှတဲ့အမြင်ကို ပေးစွမ်းနိုင်ပါတယ်။ ဥပမာ– file တွေကို ကိုယ်ဘယ်လိုမျိုးဖော်ပြစေချင်တယ်ဆိုတာ ဆုံးဖြတ်နိုင်ပါတယ်။ Extra large icons ၊ medium icons ၊ small icons ၊ ဒါမှမဟုတ် တခြားတစ်ခုခုကို ရွေးချယ်နိုင်ပါတယ်။ Sort options ကိုသုံးပြီး folder တစ်ခုထဲက အရာတွေကို စီစဉ်ကြည့်နိုင်ပါတယ်။ ပြီးတော့ item တွေကို ဖော်ပြတာ၊ ဖျောက်ထားတာ၊ file name extension တွေ တွေ့မြင်ဖို့နဲ့ ကွယ်ပျောက်ထားတဲ့အရာတွေကို ဖော်ပြဖို့ click တစ်ချက်နဲ့ လုပ်နိုင်ပါတယ်။

အသုံးပြုရာမှာ အဆင်ပြေပေမယ့် BExplorer ဟာ Windows Explorer လိုမျိုး Windows အတွင်း ပေါင်းစပ်ထည့်သွင်းမထားနိုင်ပါဘူး။ ဥပမာ – ကိုယ်ဟာ BExplorer သုံးပြီး file တစ်ခုကိုတိုက်ရိုက် မဖွင့်ခဲ့ရင် ကိုယ့်ရဲ့ file ဟာ မူလနေရာ Windows Explorer ထဲမှာ ပြန်ပြီး ပွင့်လာပါလိမ့်မယ်။ ဒါပေမဲ့ BExplorer ဟာ နေ့စဉ်သုံးအတွက်ဆိုရင် Windows Explorer နေရာမှာ အစားမထိုးနိုင်ပေမယ့် file-management အလုပ်တွေကို သက်သောင့်သက်သာပဲ ဆောင်ရွက်ပေးနိုင်ပါတယ်။

## Windows 8 ကိုလိုချင်ရင်

တကယ်လို့ ကိုယ်ဟာ ဒီအလှည့်အပြောင်းတွေနဲ့ ကျေနပ်မနေနိုင်ဘူးဆိုရင် Windows 8 နီးနီးတူတဲ့ Windows 8 Developer Build (*find.pcworld.com/72570*) ကို download လုပ်နိုင်ပါတယ်။ ဒီဟာက တည်ငြိမ်မှုမရှိသေးဘဲ Windows 8 ရဲ့ တိုးမြှင့်မှုအားလုံး မပါရှိပါဘူး။ Microsoft လက်ရှိတည်ဆောက်ထားတာဟာ pre-beta version တစ်ခုဖြစ်ပြီး uninstall မလုပ်နိုင်ပါဘူးလို့ သတိပေးထားပါတယ်။ ■